ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

# အမိန့်ကြော်ငြာစာ

အမှတ်၊ ၅ /၂၀၁၃

နေပြည်တော် ၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၆၈/၂၀၁၂၊ ၆၉/၂၀၁၂၊ ၇၀/၂၀၁၂၊ ၇၁/၂၀၁၂ တို့အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ အောက်ဖော်ပြပါအဖွဲ့အစည်းများမှ ဖော်ပြပါပစ္စည်းများ နိုင်ငံခြားမှ မှာယူတင်သွင်းလာမှုအပေါ် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) မြန်မာ့လေကြောင်းတွင် အသုံးပြုရန်လိုအပ်သော လေယာဉ်နှင့် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းသုံးစက်ပစ္စည်းများ။

( ခ ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ကုန်သွယ်မှုလုပ်ငန်းအတွက် တင်သွင်းမည့်ပစ္စည်းများမှအပ မိမိဌာနတွင် အသုံးပြုရန် လိုအပ်သောပစ္စည်းများ။

( ဂ ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ကုန်သွယ်မှုလုပ်ငန်းအတွက် တင်သွင်းမည့်ပစ္စည်းများမှအပ ဌာနတွင် အသုံးပြုရန် လိုအပ်သောပစ္စည်းများ။

(ဃ) မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် နိုင်ငံခြားမှ အပ်ကုန်စနစ်အရ ရေယာဉ်အသစ်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများ။

( င ) ရေယာဉ်များတည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများအတွက် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအမည်ဖြင့် တင်သွင်းလာသော ပစ္စည်းများ။

ပုံ

ဦးဝင်းမြင့်

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက - ၁၄ / ၁ - ၁၉ / ၂၀၁၃ ( ၂၂ )

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

လွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအားလုံး(မိမိတို့လက်အောက်ခံဌာနများနှင့်အဖွဲ့အစည်းများ အားလုံးသို့ ထပ်ဆင့် ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံပါသည်)

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

ဦးဆောင်ညွှန်ကြားရေးမှူး၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာ ပေးပါရန် မေတ္တာရပ်ခံပါသည်)

အမိန့်အရ

( တိုးအောင်မြင့် )

ရုံးအဖွဲ့မှူး